# (၇၆) ကြိမ်မြောက် ချင်းအမျိုးသားနေ့အား ကြိုဆိုဂုဏ်ပြုခြင်း

၁။ ယနေ့ကျရောက်သော (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ပြည်တွင်း၊ ပြည်ပနေရာအသီးသီး၌ ရှိနေကြသော ချင်းလူမျိုးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်းပါသည်။ ချင်းအမျိုးသားနေ့သည် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းခြင်း၊ ချင်းပြည်နယ်၌ ဒီမိုကရေစီစနစ် ရရှိရေးကြိုးပမ်းခြင်း၊ တောင်တန်း နှင့် ပြည်မ ပူးပေါင်းရေး ကြိုးပမ်းမှုစတင်ခဲ့သော သမိုင်း ဝင် နေထူးနေ့မြတ် တစ်ရက် ဖြစ်ပါသည်။

၂။ ခေတ်အဆက်ဆက်၌ လွတ်လပ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးနှင့် တန်းတူညီမျှရေးတို့အတွက် အသက်စွန့်ကြိုးပမ်းခဲ့ကြသော ချင်းအမျိုးသားသူရဲကောင်း များအား အစဉ်လေးစားဂုဏ်ပြုပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီသည် နိုင်ငံ့အာဏာကို မတရားသိမ်းယူခဲ့ပြီးနောက် အာဏာသိမ်းယူမှုကို ဆန့်ကျင်ကြသည့် နိုင်ငံသားများစွာအပေါ် အကြမ်းဖက်နှိမ်နင်းခြင်း၊ ရက်စက်စွာဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပြည်သူများ၏အသက်အိုးအိမ်ကို ဖျက်ဆီးခြင်း နှင့် ပြည်သူတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးအတိ ဒုက္ခရောက်ကြရပါသည်။ ချင်းလူမျိုးများအနေဖြင့် စစ်အာဏာရှင်ကို အစွမ်းကုန် ခုခံတွန်းလှန်တိုက်ပွဲဝင်နေကြသည်ကိုလည်း အထူး ဂုဏ်ယူပါသည်။

၄။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အပြီးသတ်ချုပ်ငြိမ်းပြီး ချင်းပြည် လွတ်မြောက်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် တိုင်းရင်းသားတန်းတူညီမျှရေးတို့အတွက် တော်လှန်ရေးတိုက်ပွဲ ဆင်နွဲနေကြသည့် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ၊ ပြည်တွင်းနှင့်နိုင်ငံတကာရှိ ချင်းလူမျိုးများ၊ ချင်းအဖွဲ့အစည်းများကို အထူးကျေး ဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍ ချင်းပြည်သူတစ်ရပ်လုံး အတူတကွပူးပေါင်းလက်တွဲ တိုက်ပွဲဝင်ကာ ယနေ့ကျရောက်သော (၇၆) နှစ် မြောက် ချင်းအမျိုးသားနေ့မှစ၍ ချင်းလူမျိုးများ၏ ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများ လျင်မြန်ပြည့်စုံစွာ ပြီးမြောက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

- History Carriers Group (HC)
- Magway Region Human Rights Network (MHRN)
- Women Lead Resource Center (WLRC)
- Youth Empowerment (YE)